ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957
၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 15 February 2017 (၈၈၃၈)



## တက်ကြွအားသွန် နိုင်ငံ့ဝန်ဦ...

ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး "ရေမြင့်ကြာတင့်" ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် **"တက်ကြွအားသွန်နိုင်ငံ့ဝန်ဦ"** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။

# ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် ဒေသခံပြည်သူများ၏အကျိုးစီးပွားနှင့်နိုင်ငံ့စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသည့်မန်းရေနံမြေ

"မန်းရေနံမြေ"အတွင်းသို့ဝင်လိုက်သည်နှင့်လမ်းဘေးဝဲ၊ ယာတစ်ဖက်တစ်ချက်တွင်အုပ်ဆိုင်းနေသည့်သစ်ပင်ကြီးများ၊ တောင်သူများစိုက်ပျိုးထားသော သီးနှံစိုက်ခင်းများကြား ရေနံတူးဖော်ထုတ်လုပ်နေသည့် မောင်းညိတ်စက်(မြင်းခေါင်းစက်)များက မရပ်မနားလှုပ်ရှားသက်ဝင်လျက် ရှိနေပါတယ်။

မြန်မာနိုင်ငံရဲ့ လက်ရှိရေနံနဲ့သဘာဝဓာတ်ငွေ့ထုတ်လုပ်နေတဲ့ ကုန်းတွင်းရေနံလုပ်ကွက်များထဲမှာ ရေနံဒုတိယ အများဆုံးထုတ်လုပ်ပေးနေတဲ့ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ်အတွင်းရှိ မန်းရေနံမြေဟာ အကျယ်အဝန်းအားဖြင့် အလျား ရှစ်မိုင်၊ အနံ နှစ်မိုင် ရှိတယ်လို့သိရပါတယ်။

မန်းရေနံမြေလို့စတင်ခဲ့တဲ့အချိန်က မင်းဘူးခရိုင်အတွင်းရှိ မယ်ဘော့ကုန်း၊ မန်းကျိုး၊ ကြာကန်၊ ခြင်ထောင်၊ ထောက်လျှာပင်အစရှိသည့်အနီးအနားရှိရွာပေါင်း ၁၆ ရွာမှဒေသခံတောင်သူများ၏ ယာမြေအချို့မန်းရေနံမြေစီမံကိန်းအတွင်း ပါဝင်ခဲ့ကြောင်းလည်း ဒေသခံများထံမှ သိရပါတယ်။

မယ်ဘော့ကုန်းကျေးရွာမှာနေထိုင်တဲ့ ဒေသခံတစ်ဦးဖြစ်သူ တောင်သူဦးစိုးဝင်းက "၁၉၆၉-၇၀ မှာ ရေနံမြေဖော်ဖို့ စီမံကိန်းလုပ်တော့ ဒီရွာနီးချုပ်စပ် ၁၆ ရွာက တောင်ယာတွေတော်တော်များများ စီမံကိန်းနယ်မြေထဲ ပါသွားတယ်။ အဲ့ဒီတုန်းကအလုပ်လုပ်ဖို့ ဒီကမြေတွေကို ရေနံမြေစီမံကိန်းအတွက် ပေးလိုက်ရလို့ အလုပ်အကိုင်မရှိလို့ပါဆိုပြီး လျှောက်လွှာတင်ပြီး ရေနံမြေလုပ်ငန်းမှာ အလုပ်ဝင်လုပ်ခဲ့တဲ့သူတွေလည်း ရှိခဲ့တယ်"ဟု ပြောပါတယ်။

မန်းရေနံမြေကို ၁၉၇၀ ပြည့်နှစ်ကစတင်တွေ့ရှိခဲ့ကာ ရေနံနဲ့သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများ စတင်လုပ်ဆောင်ခဲ့ရာ ၁၉၇၉ ခုနှစ်ဝန်းကျင်က အမြင့်ဆုံးရေနံအထွက်နှုန်းအနေဖြင့် တစ်နေ့လျှင်ရေနံစည်ပေါင်း ၂၄၀၀၀ ထိ ထွက်ရှိခဲ့ပါတယ်။ ထို့နောက် အချိန်ကာလကြာမြင့်လာသည်နှင့်အမျှ မန်းရေနံမြေတွင် Natural Decline ကြောင့် ရေနံထုတ်လုပ်မှုအထွက်နှုန်းကျဆင်းလာရာ ၁၉၉၅ ခုနှစ်မှာတော့ တစ်နေ့လျှင်ရေနံစည် ၃၁၀၀ အထိထုတ်လုပ်မှုကျဆင်းလာတဲ့အတွက် ရေနံအထွက်တိုးစီမံကိန်းဆောင်ရွက်ရန် ၁၉၉၆ခုနှစ်မှစတင်၍ Myanma Oil & Gas Enterprise (MOGE) နှင့် MPRL E&P Pte Ltd. (MPRL E&P) တို့အကျိုးတူပူးပေါင်းကန်ထရိုက်ချုပ်ဆိုဆောင်ရွက်ခဲ့ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(MOGE)ထံမှသိရပါတယ်။



### အလုပ်အကိုင်အခွင့်အလမ်းများ

မန်းရေနံမြေတွင် MOGE ဝန်ထမ်း ၁၀၀၀ ကျော်နှင့် MPRL E&P ဝန်ထမ်း ၄၀၀ ကျော် အလုပ်လုပ်ကိုင်လျက်ရှိသော်လည်း မန်းရေနံမြေတည်ရှိရာ ဒေသခံရွာများမှ တောင်သူများ၏သားသမီးများမှာ အမြဲတမ်းဝန်ထမ်းခန့်ထားမှုနှင့်အလုပ်အကိုင်ရရှိမှုနည်းပါးသေးကြောင်း ဒေသခံလည်းဖြစ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလည်းဖြစ်သည့် မယ်ဘော့ကုန်းကျေးရွာသားဦးစိုးဝင်းထံမှ သိရပါတယ်။

"ဟိုးတုန်းကတည်းက MOGE ကရော၊ MPRL E&P ကရော အလုပ်အကိုင်ရရှိရေးကို ဆောင်ရွက်ပေးပါတယ်။ အစိုးရအလုပ်ကျတော့ ခန့်ထားဖို့ရာ "ဝန်ထမ်းအင်အားလစ်လပ်မှု၊ ရေနံလုပ်ငန်းဖြစ်လို့ လိုအပ်တဲ့ပညာကျွမ်းကျင်မှုအရည်အချင်းတို့အပြင် ဌာနရဲ့ခွင့်ပြုချက်တို့နဲ့သာခန့်နိုင်ပြီး မိမိတို့သဘောအတိုင်းလုပ်၍မရနိုင်ပါ"ဟု MOGE မှအထွေထွေမန်နေဂျာ (မန်းရေနံမြေ) ဦးရဲနိုင်က ပြောပါတယ်။

သို့ရာတွင် MPRL E&P နှင့် MOGEတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သည့်အချိန်မှစတင်ကာ ခန့်နိုင်သည့်အနေအထားရှိသရွေ့ဆောင်ရွက်ခဲ့ရာ၊ယခုအခါဒေသခံ ၁၀၀ နီးပါးအား အလုပ်ခန့်ထားလျက်ရှိပါတယ်" ဟု MPRL E&P မှ တာဝန်ရှိသူ ဦးမျိုးဝင်းထံမှသိရပါတယ်။

### လူမှုအကျိုးပြုလုပ်ငန်းများ

MOGE အနေဖြင့် တစ်နိုင်ငံလုံး ရေနံမြေများမှရရှိသည့်ငွေများဖြင့် လူမှုအကျိုးပြု(CSR) လုပ်ငန်းများလုပ်ဆောင်ခဲ့ရာ ၂၀၁၅ ခုနှစ်အတွင်း တစ်နိုင်ငံလုံး ငွေကျပ်သိန်းပေါင်း ၅၀၀၀၀ ကျော်ဆောင်ရွက်ပေးနိုင်ခဲ့ရာ မန်းရေနံမြေတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်ကဏ္ဍများအတွက် ကျပ်သိန်း ၄၀၀၀ နီးပါးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း အထွေထွေမန်နေဂျာ (မန်းရေနံမြေ) ဦးရဲနိုင်ထံမှ သိရပါတယ်။

ထိုသို့လူမှုအကျိုးပြု Corporate Social Responsibility (CSR) (လူမှုရေးအရတာဝန်ယူမှု၊တာဝန်သိမှုများ) ဆောင်ရွက်ရာတွင် ၁၉၇၀ ပြည့်နှစ်ကတည်းက ရေနံရှာဖွေတူးဖော်စဉ်အခါဖြစ်လာနိုင်သည့် ဘေးထွက်ဆိုးကျိုးများကို အများဆုံးခံစားခဲ့ရသည့် မန်းရေနံမြေနှင့်ထိစပ်နေသည့်ကျေးရွာပေါင်း ၁၆ ရွာကို ဦးစားပေးဆောင်ရွက်နေတာဖြစ်တယ်လို့ ဦးရဲနိုင်ကပြောပါတယ်။ ဘာကြောင့်လဲဆိုတော့ "အဲဒီ ၁၆ ရွာက ၁၉၇၀ ပြည့်နှစ် ကျွန်တော်တို့ရေနံစတင်တူးဖော်စဉ်အခါက MOGE ရဲ့ ဘေးထွက်ဆိုးကျိုးတွေကို သေချာပေါက်ခံရတယ်။ ဒါကြောင့် CSR လုပ်ငန်းများဖြစ်တဲ့ လူမှုရေးတာဝန်ယူမှု၊ တာဝန်သိမှုများအတွက် ကျွန်တော်တို့က သူတို့ကိုအရင်တာဝန်ယူရမယ်လို့ ခံစားရတယ်။ ဒါကြောင့် ဒီ ၁၆ ရွာကို ဦးစားပေးပါတယ်"ဟု MOGE မှ အထွေထွေမန်နေဂျာ (မန်းရေနံမြေ) ဦးရဲနိုင်က ပြောပါတယ်။

မန်းရေနံမြေဒေသဝန်းကျင် ကျေးရွာများအတွက် အကျိုးပြုလုပ်ငန်းများကို MPRL E&P အနေဖြင့် MOGE နှင့်အကျိုးတူဆောင်ရွက်မှုစတင်ခဲ့သည့်အချိန်ကတည်းက လူမှုရေးအသိစိတ်ဓာတ်ဖြင့် ယခုအချိန်ထိဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဲဒါတွေက ရေနံမြေပတ်ဝန်းကျင်ကျေးရွာများအတွက် ရေတွင်းများတူးဖော်ပြီး ရေသန့်စင်မှုနည်းပညာများဖြင့်သောက်ရေ၊ သုံးရေများရရှိရေးဆောင်ရွက်ခဲ့ခြင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း အဆိုပါရေသန့်စင်မှုနည်းစနစ်ကို ကိုယ်တိုင်ဆက်လက်လုပ်နိုင်စေရန်သင်ကြားပေးခြင်း၊ စာသင်ကျောင်းဆောင်များအသစ်ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းသာမက ကျောင်းသားကျောင်းသူများအတွက် ယင်လုံအိမ်သာများဆောက်လုပ်သုံးစွဲစေသည့် အလေ့အကျင့်များ ပြုလုပ်ခြင်းမျိုးတွေလည်း ဆောင်ရွက်ခဲ့တာပါ။

"ကျွန်တော်တို့အနေနဲ့က CSR ဆိုတဲ့အသုံးအနှုန်းကို ၁၉၉၉ ခုနှစ်လောက်ကတည်းက စီမံကိန်းဒေသပတ်ဝန်းကျင်အတွက်လုပ်နေခဲ့တာပါ။ အဲဒီနောက်ပိုင်းဒေသခံပြည်သူများထံမှ ပွင့်ပွင့်လင်းလင်းထုတ်ဖော်ပြောဆိုနိုင်တဲ့စနစ်ဖြစ်တဲ့ Operational Grievance Mechanism လို့ခေါ်တဲ့ စနစ်တစ်ခုကိုစတင်လုပ်ဆောင်ခဲ့ပါတယ်။ အဲဒါက ကျွန်တော်တို့ကို ဒေသခံတွေအနေနဲ့ အလွယ်တကူဆက်သွယ်နိုင်ဖို့အတွက် နည်းလမ်းတစ်ခုဖြစ်သလိုတရားဝင်လမ်းဖွင့်ပေးထားတဲ့အခွင့်အလမ်းတစ်ခုဆိုရင်လည်း မမှားပါဘူး။ ဒါကြောင့် ကျွန်တော်တို့ MPRL E&P Pte Ltd. (MPRL E&P) အတွက်ဆိုရင်တော့မန်းရေနံမြေပတ်ဝန်းကျင်မှာ ရွာ ၁၄ ရွာရှိပါတယ်။အဲ့ဒီအထဲက ရွာတစ်ရွာစီမှာ ဆက်သွယ်ရေးဆောင်ရွက်မယ့်သူ (Volunteer Focal Point) တစ်ယောက်ထားရှိစေပြီး စမ်းသပ်မှုအနေနဲ့စတင်ပြီးတော့ ပြုလုပ်ကြည့်ပါတယ်။

ပထမတစ်ချက်ကတော့ ရွာသူရွာသားတွေ၊ ဒေသခံတွေအနေနဲ့မန်းရေနံမြေနဲ့ပတ်သက်ပြီး ထိခိုက်မှုတွေ၊ နစ်နာမှုတွေ၊ ဒုက္ခတွေကို အဆိုပါဆက်သွယ်ဆောင်ရွက်မည့်သူ (Volunteer)ကနေတစ်ဆင့် နားထောင်တယ်။ အဲဒီမှာ ကျွန်တော်တို့ ကြိုတင်ထင်ထားခဲ့သလို ဒီစနစ်ကိုအခွင့်အရေးယူပြီးပြောတာတွေ၊ တောင်းဆိုတာတွေ၊ ပြဿနာလုပ်တာတွေတစ်ခုမှမတွေ့ရပါဘူး။ တကယ့်ဖြစ်ပေါ်နေတဲ့အခြေအနေတွေ၊ အခက်အခဲတွေကိုသိလာရတဲ့အတွက် ဒါတွေကိုအခြေခံပြီးတော့ MOGE နဲ့ ညှိနှိုင်းဆွေးနွေးပြီး ရွာ ၁၄ ရွာမှာ ဒီစနစ်ပုံစံကို စတင်လုပ်ဆောင်လိုက်ပါတယ်။ ကျွန်တော်တို့ ဒါကိုစတင်ပြီးအကောင်အထည်ဖော်တုန်းကဆိုရင် ပထမနှစ်မှာဒေသခံတွေက ၎င်းတို့ရဲ့တင်ပြချက်၊ ခံစားချက်ပေါင်းအခု ၃၀ ကနေ ၄၀၊ ၅၀ အထိ တင်ပြခဲ့တယ်။ အဲဒါတွေကို ကျွန်တော်တို့နားထောင်တယ်၊ စိစစ်ပြီးဖြေရှင်းနိုင်တဲ့အတိုင်းအတာဆိုရင် ကျွန်တော်တို့ဖြေရှင်းပေးတယ်။ အကြောင်းပြန်ကြားပေးတယ်။ မရှင်းနိုင်ဘူးဆိုရင်လည်း ဘာကြောင့်မရှင်းနိုင်လဲဆိုတာကို သေသေချာချာစနစ်တကျရှင်းပြပေးတဲ့စနစ်နဲ့ ပြုလုပ်သွားတယ်။ ဒါကြောင့် ဒီစနစ်ကအင်မတန်အောင်မြင်ခဲ့ပြီး စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပါတယ်ခင်ဗျ။

ကနဦးတုန်းကဆိုတင်ပြချက်ပေါင်းအရေအတွက် ၄၀ နှင့် ၅၀ ကြားရှိခဲ့ရာက အခုဆိုရင် ၁၀ အောက်ပဲရှိပါတော့တယ်။ ဒီအပြင်ဒေသခံတွေကို မေးကြည့်တော့လည်း ဒီစနစ်ကိုကျေနပ်အားရမှုရှိရုံသာမက ကျေးဇူးလည်းတင်တယ်။ သူတို့အတွက်ပြောရေးဆိုခွင့်ရတဲ့အတွက် အခွင့်အလမ်းတစ်ခုရသွားခဲ့ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ဂုဏ်လည်းယူပါတယ်။ ဒါကို ပြည်တွင်းမှာသာမက ပြည်ပမှာလည်း CSR နဲ့ပတ်သက်တဲ့ CSR Asia ဆိုတဲ့ အဖွဲ့ကလည်း ကျွန်တော်တို့ရဲ့ဒီစနစ်ကို Best Practice တစ်ခုအနေနဲ့ အသိအမှတ်ပြုရုံမက International Forum တွေ၊ Conference တွေမှာလည်း Best Practice တစ်ခုအနေနဲ့ MPRL E&P ကုမ္ပဏီကိုဖိတ်ခေါ်ပြီး Presentation တွေဆောင်ရွက်စေပါတယ်" ဟု MPRL E&P မှ Country Manager ဦးစည်သူမိုးမြင့်က ပြောပါတယ်။

ထိုသို့ MPRL E&P ကလည်း ကျေးရွာများအတွင်းပညာရေးလုပ်ငန်းများအတွက် စာသင်ကျောင်းများဆောက်လုပ်ခြင်း၊ စာသင်ခုံများ လှူဒါန်းခြင်း၊ ရေတွင်းရေကန်များတူးပေးခြင်း၊သဘာဝဘေးအန္တရာယ်များနှင့်ရင်ဆိုင်ရပါက ကူညီထောက်ပံ့ခြင်းတို့အပြင် ဆင်းရဲနွမ်းပါးသည့်ကလေးများအတွက် လစဉ်ကျောင်းစရိတ်ထောက်ပံ့ခြင်းတို့ ပြုလုပ်ပေးနေကြောင်းဒေသခံများထံမှ သိရပါတယ်။

အထွေထွေမန်နေဂျာ (မန်းရေနံမြေ) ဦးရဲနိုင်ကတော့ "ကျွန်တော်တို့တွေက အကျိုးတူပူးပေါင်းတာဆိုတော့ ကုမ္ပဏီအနေနဲ့သုံးတဲ့ဘတ်ဂျက်ကလည်း MOGE ရုံးချုပ်က ခွင့်ပြုချက်ကျမှသာဆောင်ရွက်ရတာပါ" ဟု ပြောပါတယ်။

"CSR ဘတ်ဂျက်ကတော့ ပြီးခဲ့တဲ့နှစ်တွေကဆိုရင် အမေရိကန်ဒေါ်လာနှစ်သိန်းကနေ နှစ်သိန်းခွဲအထိ သတ်မှတ်သုံးစွဲခဲ့ပါတယ်။ ဒီလိုသတ်မှတ်လျာထားခဲ့ပေမယ့်လည်း ၂၀၁၅ ခုနှစ်ကလို ရေကြီးရေလျှံဘေးအန္တရာယ်ကြုံတွေ့တဲ့အခါမှာတော့ MPRL E&P အနေဖြင့် အမေရိကန်ဒေါ်လာခုနစ်သိန်းကျော်ကုန်ကျသုံးစွဲခဲ့ရပါတယ်။ ယခု ၂၀၁၆ ခုနှစ်နဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင်တော့ ကျွန်တော်တို့ကုမ္ပဏီရဲ့အဓိကလုပ်ငန်းက ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေးနှင့် ထုတ်လုပ်ရေးဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေတုန်းကဆိုရင် ကမ္ဘာတစ်ဝန်းရေနံဈေးနှုန်းဟာ ရေနံတစ်စည် အမေရိကန် ဒေါ်လာ ၁၀၀ ရှိခဲ့ရာကနေ ရေနံတစ်စည်ကို ဒေါ်လာ ၃၀ အထိ ကျဆင်းသွားခဲ့တယ်။ ဒီကိစ္စကြောင့်ကမ္ဘာတစ်ဝန်းမှာ ရေနံကုမ္ပဏီငယ် ၁၀ ခုမှာ ခုနစ်ခုလောက်က ရပ်ဆိုင်းခဲ့ရတဲ့အထိဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့လည်း ဘတ်ဂျက်လျာထားမှုများလျှော့ရပါတယ်။ ဒီအထဲမှာ CSR ဘတ်ဂျက်လည်းတစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဒါကြောင့် အရင်နှစ်တွေမှာ CSRအတွက် ဘတ်ဂျက်ငွေ အမေရိကန်ဒေါ်လာနှစ်သိန်းကျော်အသုံးပြုရာကနေ ဒီနှစ်အတွက်အမေရိကန်ဒေါ်လာ ငါးသောင်းသို့လျှော့ချသတ်မှတ်ခဲ့ရခြင်းဖြစ်ပါတယ်။ ဒီဘတ်ဂျက်ကတော့ မန်းရေနံမြေအတွက်ပါ"ဟု MPRL E&P မှ Country Manager ဦးစည်သူမိုးမြင့်ကပြောပါတယ်။

### ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး

MOGE နှင့် MPRL E&Pကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သောလုပ်ငန်းဖြစ်သော်လည်း၊အစိုးရဝန်ထမ်းနဲ့ကုမ္ပဏီဝန်ထမ်းဟူ၍မခွဲခြားဘဲ မန်းရေနံမြေရှိဝန်ထမ်းများအားလုံး၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း MPRL E&P မှ Health, Safety and Environment -( HSE )မန်နေဂျာဦးနေမျိုးအောင်ထံမှ သိရပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

သတင်းဆောင်းပါး-သီသီမင်း
ဓာတ်ပုံ-နေလင်း

ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့။ Thursday, 16 February 2017 (၈၈၃၉)



## တက်ကြွအားသွန် နိုင်ငံ့ဝန်ဒ္ဓ . . .

*ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွား၊ တစ်နည်းအားဖြင့် ပြည်သူ့ဘဝ လိုအပ်ချက်များကို တစ်နေ့ထက်တစ်နေ့၊ တစ်စထက်တစ်စ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွားတိုးတက်မြင့်မားလာပြီး **"ရေမြင့်ကြာတင့်"** ဆိုသကဲ့သို့ နိုင်ငံ၏ဂုဏ်ဒြပ်လည်း ပိုမိုဝင့်ထည်ခိုင်မာလာမည်ဖြစ်ပါသည်။*

*သို့ဖြစ်ရာ ပြည်သူ့ကိုယ်စား နိုင်ငံတော်၏ အရေးအရာကိစ္စအရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံ၏ယန္တရားများဖြစ်သော ဌာနဆိုင်ရာအဖွဲ့ အစည်းအသီးသီးအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေး သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပြည်သူများသိရှိနိုင်ရန်အတွက် **"တက်ကြွအားသွန်နိုင်ငံ့ဝန်ဒ္ဓ"** အခန်းကဏ္ဍတစ်ခုအဖြစ် စီစဉ်တင်ပြလိုက်ပါသည်။*

# ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြင့် ဒေသခံပြည်သူများ၏အကျိုးစီးပွားနှင့်နိုင်ငံ့စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသည့်မန်းရေနံမြေ

**(ယမန်နေ့မှအဆက်)**

"ဝန်ထမ်းတွေအချင်းချင်း အတူတကွ ပူးပေါင်းဆောင်ရွက်တယ်။ လုပ်ငန်းခွင်အန္တရာယ်ကင်းဖို့အတွက် သတ်မှတ်ထားတဲ့ ဝတ်စုံ၊ ဖိနပ်၊ ဦးထုပ်နှင့် မျက်မှန်စသည်တွေကို လုပ်ငန်းခွင်မှာအားလုံးဝတ်ဖို့ အတူတူထုတ်ပေးထားတယ်။ နေမကောင်းဖြစ်ရင်လည်း ဒီမှာဆေးကုဖို့ ဆရာဝန်၊ ဆေးခန်း ၂၄ နာရီရှိတယ်။ ဒီမှာရှိသမျှဝန်ထမ်းအားလုံးတန်းတူပဲဆက်ဆံတယ်၊သူ့ဝန်ထမ်းကိုယ့်ဝန်ထမ်း မခွဲခြားဘူး"ဟု MPRL E&P မှ HSE မန်နေဂျာ ဦးနေမျိုးအောင်ကပြောပါတယ်။

မေလအတွင်းကမန်းရေနံမြေမှာရေနံတွင်းမောင်းညိတ်စက်ပေါ်က ပြုတ်ကျလို့အနာတရဖြစ်သွားခဲ့တဲ့ MOGE မှ ဝန်ထမ်းတစ်ဦးကိုလည်း ကုမ္ပဏီကငွေကျပ် ၃၇ သိန်းကျော်ကူညီထောက်ပံ့ပေးခဲ့ကြောင်းသိရပါတယ်။

MOGE မှ ဝန်ထမ်းတစ်ဦးက "ကုမ္ပဏီနဲ့ အလုပ်လုပ်ရတာ အခက်အခဲမရှိပါဘူး။အခြေခံလစာက အစိုးရကပေးတယ်။ ကုမ္ပဏီကတခြားထောက်ပံ့ကြေးပေးတယ်။ နေ့စဉ်ထမင်းကျွေးတယ်။ ထိခိုက်ဒဏ်ရာရတဲ့ MOGE က ဝန်ထမ်းကိုဖော်ဝင်းကိုဆိုရင် ပြုတ်ကျတာခါးဆစ်ရိုးကျိုးသွားလို့ လိုအပ်တဲ့ ဆေးကုသမှုလည်းလုပ်ပေးတယ်။ အခြားလိုအပ်တဲ့အကူအညီမျိုးလည်း ပေးတယ်။ ဒါ့အပြင် ကုမ္ပဏီက ကရုဏာကြေးဆိုပြီးထောက်ပံ့တယ်။ ဒါက တရားဝင်လိုအပ်ချက်ကြောင့် ပေးတာမဟုတ်ပါဘူး။ ကုမ္ပဏီလူကြီးတွေရဲ့စေတနာအရပေးတာပါ"ဟု ပြောပြပါတယ်။

MPRL E&Pအနေဖြင့် ဝန်ထမ်းများတာဝန်ထမ်းဆောင်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန် Personal Protective Equipment များကို ဘတ်ဂျက်လျှော့ချမှုများရှိနေသည့်တိုင်အောင် ယခင်နှစ်များထက်ပိုမိုဖြည့်တင်းဝယ်ယူအသုံးပြုစေခဲ့ပါတယ်။ လုပ်ငန်းခွင်အတွင်းအန္တရာယ်ကင်းစွာလုပ်ကိုင်ဆောင်ရွက်စေမည့်ပုံစံ(Work Procedure) များကိုလည်း HSEဌာနမှ ကဏ္ဍအလိုက်ပြန်လည်သုံးသပ်ပြီး ဖြည့်စွက်ပြင်ဆင်ကာ အန္တရာယ်ကင်းရှင်းရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအသိများ မြင့်မားပြန့်ပွားလာစေရန်ရည်ရွယ်၍ အသိပညာပေးသင်တန်းများအား အပတ်စဉ်ပုံမှန်ပို့ချပေးခဲ့ပါတယ်။ MPRL E&P ၏ ကုမ္ပဏီဝန်ထမ်းများသာမက MOGE မှ ဝန်ထမ်းများအကြားတွင်လည်း Positive Safety Culture အလေ့အထပေါက်ပွားရှင်သန်လာစေရန် အန္တရာယ်ဖြစ်စေနိုင်သောအခြေအနေ (Unsafe Condition)၊ အန္တရာယ်ကြုံတွေ့စေနိုင်သောအပြုအမူ (Unsafe Action)များအား သတင်းပို့သည့်စနစ်ဖြစ်သည့် CARE Card System ကိုလည်း ပိုမိုအလေးပေးကျင့်သုံး ဆောင်ရွက်စေခဲ့ပါတယ်။

ထိုသို့ဆောင်ရွက်မှုများကြောင့်လည်း ဝန်ထမ်းများလုပ်ငန်းခွင်ထိခိုက်မှုကိုတတ်နိုင်သမျှနည်းစေခဲ့ရပါတယ်။ အကယ်၍ မတော်တဆထိခိုက်မှုမျိုးရှိလာခဲ့လျှင်လည်း MOGE ဝန်ထမ်း၊ MPRL E&P ဝန်ထမ်းဟူ၍မခွဲခြားဘဲ လိုအပ်သမျှ ကျန်းမာရေးစောင့်ရှောက်မှုသာမက လူမှုရေးထောက်ပံ့မှုများလည်း ပြုလုပ်ခဲ့ပါတယ်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

ရေနံတူးဖော်ရေးလုပ်ငန်းဖြစ်သည့်အတွက် ရေနံတွင်းမှထွက်လာသည့်ရေဆိုးများ၊ ရေနံနှင့်ဖယောင်းစသည်များကို သဘာဝပတ်ဝန်းကျင်မထိခိုက်စေရန် စနစ်တကျသန့်စင်ရှင်းလင်းသိမ်းဆည်းသည့်စနစ်များဖြင့် သတ်မှတ်ထားသောဥပဒ်မဖြစ်စေသည့် လုံခြုံဘေးကင်းသည့်နေရာများတွင် စွန့်ပစ်ကြောင်းကုမ္ပဏီမှသိရပါတယ်။

ရေနံထုတ်ယူရာတွင် အနည်းနဲ့အများဆိုသလို ရေနံနှင့်အတူပါလာသည့် ရေငန်၊ ဖယောင်းနှင့် စွန့်ပစ်အညစ်အကြေးများ၏ဒဏ်ကို ပတ်ဝန်းကျင်ဒေသများမှ ခံရစမြဲဖြစ်ရာ မန်းရေနံမြေတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများမှအနည်းဆုံးနှင့်အသက်သာဆုံးဖြစ်စေရန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၏အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေးထုတ်လုပ်မှုလမ်းညွှန်ချက်များတွင်ပါဝင်သောကုန်းတွင်းရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပတ်သက်သောလမ်းညွှန်ချက်များနှင့်ကိုက်ညီစွာစနစ်တကျဆောင်ရွက်လျက်ရှိကြောင်း MOGE မှ သိရပါတယ်။

"ရေနံမြေကထွက်သမျှရေတွေက သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင်၊ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် ကျွန်တော်တို့ဆောင်ရွက်နေပါတယ်"ဟု အထွေထွေမန်နေဂျာ (မန်းရေနံမြေ) ဦးရဲနိုင်ကပြောပါတယ်။



ထို့အပြင် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရန် နိုင်ငံတကာကျင့်သုံးနေသောအကောင်းဆုံးနည်းလမ်းများနှင့် United Nations (UN) Global Compact ၏သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်သော လိုက်နာဆောင်ရွက်ရန်ချမှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများအား မူဝါဒချမှတ်၍အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသိရပါတယ်။

မန်းရေနံမြေတွင် ရေနံတွင်းများမှထွက်ရှိလာသည့် ရေနံများကို ရေနံထိန်းသိမ်းရေးသံကန်တန်းစခန်းများဖြစ်သည့် သံကန်တန်း (၁) မှ (၅) အထိ စခန်းငါးခုသို့ ပိုက်လိုင်းများဖြင့်ပို့ဆောင်ပြီး ကုန်းတွင်းရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်းတွင် ပမာဏအများဆုံးစွန့်ပစ်ပစ္စည်းဖြစ်သော ရေနံနှင့်အတူထွက်လာသည့်အညစ်အကြေးများကို ရေဆိုးကန်များဖြင့် စနစ်တကျသိုလှောင်ထိန်းသိမ်းထားရှိကာ ၎င်းမှ ရေ ၉၂ ရာခိုင်နှုန်းခန့်ကို အသုံးမပြုတော့သည့် ရေနံတွင်းဟောင်းများအတွင်းသို့ Pump စက်များအသုံးပြု၍ စနစ်တကျပြန်လည်စွန့်ပစ်ကြောင်း၊ ဤသို့ပမာဏများပြားသည့် စွန့်ပစ်ရေများကို တွင်းဟောင်းများအတွင်းသို့စွန့်ပစ်ခြင်းမှာ လွယ်ကူသည့်လုပ်ငန်းမဟုတ်ကြောင်း၊ တွင်းဟောင်းများ၏ တည်ရှိနေသည့် Geology နှင့် Reservoir Engineering တို့၏ သဘာဝများကို ဆန်းစစ်အကဲဖြတ်ရကြောင်း၊ဆက်လက်၍ Projecting, Engineering မှ Technology နှင့် Surface Facilitiesအကူအညီကိုရယူ၍စနစ်တကျတွင်းရွေးချယ်စွန့်ပစ်ရကြောင်း၊ ဤနည်းအားဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကျဆင်းသည်သာမက မြေအောက်ရေနံကျန်ရှိခိုအောင်းနေသောသဲကြောများကို အထိုက်အလျောက် Pressure Energy ပြန်လည်ဖြည့်တင်းပေးနိုင်သဖြင့် ရေနံထုတ်လုပ်မှုကိုပါ အနည်းငယ်အထောက်အကူရရှိစေကြောင်း MPRL E&P မှ သိရပါတယ်။

ယခင်က ရေနံတွင်းများမှထွက်သောရေများကို မန်းချောင်းနှင့်ဧရာဝတီမြစ်အတွင်းသို့ စွန့်ပစ်ခဲ့ရာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိခဲ့သော်လည်း "၂၀၁၄ ခုနှစ်မှစ၍ ရေနံမြေ၏ပြင်ပသို့လုံးဝမရောက်အောင် ထိန်းသိမ်းနိုင်ခဲ့ပါတယ်"ဟု မန်းရေနံမြေမှ တာဝန်ရှိသူတစ်ဦးကပြောပါတယ်။

၎င်းအပြင် ရေနံတွင်းအခြေများတွင် ရေနံယိုဖိတ်မှုမဖြစ်စေရန် Concrete Pad နှင့် Concrete Pit များ ဆောက်လုပ်မှုကို စီမံကိန်းချ၍အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းလည်းသိရပါတယ်။

ရေနံလုပ်ကွက်တွင်းအမှတ် (၄၃၁)အနီး စိုက်ပျိုးရေးလုပ်ကိုင်သူ မန်းကျေးရွာနေ တောင်သူဦးအေးထွန်းက "အခုထိတော့ ရေနံယိုဖိတ်တာတော့ မရှိပါဘူး။ ရေနံတွင်းရဲ့ ပေ ၁၀၀ ပတ်လည်ကို ကျော်လွန်ပြီးပတ်ဝန်းကျင်ထိခိုက်တာ၊ စိုက်ခင်းတွေ ပျက်စီးတာဖြစ်ရင် ကုမ္ပဏီကသီးနှံလျော်ကြေးပေးတယ်။ရေနံတွင်းတူးစင်နဲ့ ပေ ၁၀၀ အတွင်းသွားပြီးစိုက်လို့ပျက်စီးရင်တော့မရဘူးပေါ့"ဟု ပြောပါတယ်။

၎င်းအပြင် ရေနံနှင့်ရေဆိုးများ ယိုဖိတ်မှုများနှင့်ပတ်သက်၍ Emergency Response Team ကို MOGE နှင့်ပူးပေါင်းဖွဲ့စည်းကာ မန်းရေနံမြေအတွင်းယိုဖိတ်မှုဖြစ်ပါက အလျင်အမြန်ရှင်းလင်းဆောင်ရွက်ပေးနေကြောင်း သိရပါတယ်။

ယခင်ကရေနံတွင်းများမှထွက်လာသည့်ရေဆိုးများကို သယ်ယူလာသည့်ကားများက လယ်ယာလုပ်ကိုင်သူများ၏ ယာခင်းနားအနီးတွင် ဖောက်ချခဲ့သည့်အတွက် တောင်သူများ၏ယာမြေများရှိ ယာခင်းသီးနှံများပျက်စီးခဲ့မှုများရှိခဲ့သော်လည်း ယခုအခါစနစ်တကျစွန့်ပစ်မှုများကြောင့် "ယာမြေတွေပျက်စီးမှုနည်းသွားပြီ"ဟု တောင်သူဦးစိုးဝင်းကပြောပြပါတယ်။

မန်းရေနံမြေအတွင်း ဒေသခံတောင်သူများက နေကြာ၊ မတ်ပဲ၊ ပဲစင်းငုံ၊ ပြောင်းဖူး၊ ပဲတီစိမ်းစသည့် သီးနှံခင်းများအပြင် ထင်းရှူးသေတ္တာများဖြင့် မြေကြီးပေါ်တွင်ချ၍ ပျားမွေးမြူရေးလုပ်ကိုင်ဆောင်ရွက်နေသည်မှာလည်း နေရာအနှံ့ပင်တွေ့ရပါတယ်။

မန်းရေနံမြေအတွင်း စိုက်ပျိုးလုပ်ကိုင်သူတောင်သူများကို နံနက် ၆ နာရီမှညနေ ၆ နာရီအတွင်း လွတ်လပ်စွာစိုက်ပျိုးလုပ်ကိုင်သွားလာခွင့်ပေးထားပြီး ညနေ ၆ နာရီမှ နံနက် ၆ နာရီအတွင်း မန်းရေနံမြေအတွင်း သွားလာခွင့်ကို တားမြစ်ထားရခြင်းသည် တောင်သူများ၏သီးနှံများ ပျောက်ဆုံးမှုနှင့်ရေနံပိုက်များမှတစ်ဆင့် ရေနံခိုးထုတ်ဖောက်ယူသည့်ကိစ္စများကို ကာကွယ်သည့်အနေဖြင့် ဆောင်ရွက်ရခြင်းဖြစ်တယ်လို့ MOGE မှ အထွေထွေမန်နေဂျာ (မန်းရေနံမြေ) ဦးရဲနိုင်က ရှင်းပြပါတယ်။

ထို့ပြင် ကုမ္ပဏီလုပ်ငန်းခွင်နှင့် အခြေစိုက်စခန်းများမှထွက်သောအညစ်အကြေးများအား စနစ်တကျစွန့်ပစ်ရန် အဆောက်အအုံ (Waste Management Compound) ကို ၂၀၁၅ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး လက်ရှိတွင် ဝန်ထမ်းနှစ်ဦးက စနစ်တကျသိမ်းဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်းသိရပါတယ်။

ရေနံနှင့်အတူထွက်ရှိလာသော သဘာဝဓာတ်ငွေ့များကိုစနစ်တကျစုဆောင်းပြီး ရေနံဓာတ်ငွေ့ရည်စက်ရုံသို့ပို့ခြင်းနှင့် ဒေသတွင်းအသုံးပြုရန်အတွက် ဝန်ထမ်းအိမ်ရာများတွင် အသုံးပြုလျက်ရှိတယ်လို့ MPRL E&P ထံမှ သိရပါတယ်။

**ရေနံအထွက်တိုးရေးကြိုးပမ်းမှု**

"မန်းရေနံမြေမှာ အခုဆို တူးဖော်ထားတဲ့ရေနံတွင်းပေါင်း ၆၆၈ တွင်းရှိတယ်။ အဲဒီ ၆၆၈ တွင်းမှာ အခုလောလောဆယ် ၃၂၅ တွင်းကပဲ ထုတ်နိုင်တယ်။ ပိတ်ထားတဲ့တွင်းက ၃၂၆ တွင်း၊ စွန့်ပစ်ရေပြန်ထည့်တဲ့တွင်းက ၁၇ တွင်းရှိတယ်"ဟု MOGE မှ အထွေထွေမန်နေဂျာ (မန်းရေနံမြေ) ဦးရဲနိုင်ထံမှသိရပါတယ်။

ယခုလက်ရှိတွင် မန်းရေနံမြေအတွင်းရှိ ရေနံအထွက်နှုန်းနည်းပါးသည့်တွင်းများအား ရေနံအထွက်နှုန်းကောင်းမွန်ရန် MPRL E&P မှ (p 75)(p 69) Casing Swabing စက်နှစ်စီးကို နည်းပညာတီထွင်အသုံးပြုပြီး ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတွင်းမည်သူမျှ မပြုလုပ်ဖူးသောနောက်ဆုံးပေါ်နည်းများဖြစ်သည့် Greenzyme နှင့်အခြား Chemical Treatment များ၊ Hydraulic Fracturing Technique များ၊ တွင်းဟောင်းများအား ပေနက်ပိုင်းခန့် ဆက်လက်တူးဖော်ခြင်း (Deepening) ကို အသုံးပြု၍လည်း ရေနံထုတ်လုပ်မှုအထွက်တိုးစေရန် ဆောင်ရွက်လျက်ရှိကြောင်း MPRL E&P မှသိရပါတယ်။

"တချို့တွင်းတွေက Pumping Unit (မောင်းညိတ်စက်)နဲ့ တစ်နေ့လုံးဆွဲတာတောင် ရေနံတစ်ရက်မှနှစ်စည်၊ သုံးစည်လောက်ရတာ။ နောက်ပြီး မော်တာလျှပ်စစ်ကိုသုံးနေရတယ်။ တွင်း (၇၀) စာလောက်အတွက် စက်က မလုံလောက်ဘူး။ အဲဒီစက်တွေကဈေးကြီးတယ်။ စက်အပေါ်မှုတည်ပြီး အဟောင်းတောင် ဒေါ်လာလေး၊ငါးသောင်းပေးရတာ။ MOGE က Pulling Unit စက်တွေကို Casing Swabbing Unit အဖြစ်ပြောင်းလဲပြီး ကုမ္ပဏီကရေနံခပ်လို့ရအောင်တီထွင်လိုက်တယ်။ အဲဒီစက်တွေက ရွှေ့လျားလို့ရတဲ့အခါကျတော့ တစ်ရက်ကိုရေနံတွင်း ငါးတွင်းလောက်လိုက်ဆွဲနိုင်တဲ့အတွက် ပိုပြီးတွက်ခြေကိုက်တယ်"ဟု MPRL E&P မှ တာဝန်ရှိသူ ဦးခင်မောင်ဌေးကပြောပြပါတယ်။

**Win-Win အကျိုးကျေးဇူး**

MOGE နှင့် MPRL E&P တို့အကျိုးတူပူးပေါင်းဆောင်ရွက်ရန်ချုပ်ဆိုထားသည့် Performance Compensation Contract (PCC) သဘောတူစာချုပ်တွင် မူလအခြေခံထုတ်လုပ်မှုနှင့် အထွက်တိုးထုတ်လုပ်မှုဆိုပြီး နှစ်ပိုင်း ပါရှိပါတယ်။ စာချုပ်မချုပ်မီ ကတည်းက MOGE က ထုတ်လုပ်နိုင်နေသော ပမာဏကို မူလအခြေခံထုတ်လုပ်မှု (Base Production) လို့ ခေါ်ပါတယ်။ စာချုပ်ချုပ်ဆိုပြီးတဲ့အခါမှာ ကုမ္ပဏီကအလုံးစုံရင်းနှီးကျခံထုတ်လုပ်ရပြီး ရလာတဲ့ထုတ်လုပ်မှုတွေထဲက အဲဒီမူလအခြေခံထုတ်လုပ်မှု ပမာဏ ၁၀၀ ရာခိုင်နှုန်းအားလုံးကို နိုင်ငံတော်ကရယူပါတယ်။ အခြေခံထုတ်လုပ်မှုသတ်မှတ်ချက်ထက် ကျော်လွန်ထုတ်လုပ်နိုင်တဲ့ပမာဏကိုတော့ အထွက်တိုးထုတ်လုပ်မှု (Incremental Production) လို့ခေါ်ပြီး အဲဒီအထွက်တိုးထုတ်လုပ်မှုရဲ့ ၄၀ ရာခိုင်နှုန်းကိုလည်း နိုင်ငံတော်ကပဲ ထပ်မံခွဲဝေရယူပါတယ်။ ကျန်တဲ့အထွက်တိုးထုတ်လုပ်မှု ၆၀ ရာခိုင်နှုန်းကိုသာ စိုက်ထုတ်ထားသောကုန်ကျစရိတ်များအတွက် ခုနှိမ်မှု (Cost Recovery) အနေနဲ့ ကုမ္ပဏီကခွဲဝေရရှိပါတယ်။ ထိုသို့ Cost Recovery အတွက်ခွဲဝေပြီးနောက် ပိုလျှံတဲ့ပမာဏကိုစွန့်စားရင်းနှီးမြှုပ်နှံမှုအတွက်ပြန်လည်ရရှိမှု (Risk Compensation) အတွက်ခွဲဝေမှုအဖြစ်ကို အဆိုပါပိုလျှံတဲ့ပမာဏမှ နိုင်ငံတော်က ၆၅ ရာခိုင်နှုန်းရယူပြီး ကုမ္ပဏီက ၃၅ ရာခိုင်နှုန်းအဖြစ် အကျိုးအမြတ်ခွဲဝေမှုအနေနဲ့ခွဲဝေရရှိပါတယ်။ ဒါကြောင့် မန်းရေနံမြေ PCC Contract စာချုပ်အရ လက်ရှိအချိန်ထိထွက်ရှိလာသောအထွက်တိုးရေနံထုတ်လုပ်မှုအပေါ်ခွဲဝေမှုကို ကြည့်မယ်ဆိုရင် ဥပမာ-အထွက်တိုးစည် ၁၀၀ ထွက်တယ်လို့ယူဆပါက နိုင်ငံတော်အနေနဲ့ ၇၃ စည်ခန့်ရရှိပြီး ကုမ္ပဏီကတော့ ၂၇ စည်ခန့်ရရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့်တွက်မယ်ဆိုရင် စုစုပေါင်းအထွက်တိုးထုတ်လုပ်မှုရဲ့ ၇၃ ရာခိုင်နှုန်းကို နိုင်ငံတော်ကရရှိတာဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူဖြစ်တဲ့ MPRL E&P အနေနဲ့ ၂၇ရာခိုင်နှုန်းရရှိတာဖြစ်ပါတယ်"ဟု Country Manager ဦးစည်သူမိုးမြင့်က ပြောပါတယ်။

**ဒေသခံတို့၏စကားသံ**

မန်းရေနံမြေမှဒေသခံတောင်သူများအနေဖြင့် ရေနံမြေစတင်တူးဖော်ခဲ့သည့်အချိန်မှစ၍ စိုက်ပျိုးမြေနည်းပါးခဲ့ပြီး မြေနုကျွန်းပေါ်သည့်အချိန်မှသာ စိုက်ပျိုးလုပ်ကိုင်နေရသည့်အတွက် ရေနံထုတ်လုပ်မှုမရှိသော ယာမြေများကို ပြန်လည်ရရှိရန်မျှော်လင့်နေကြကြောင်း၊ ဒေသခံတစ်ဦးလည်းဖြစ်၊ ကျေးရွာစုအုပ်ချုပ်ရေးမှူးလည်းဖြစ်သည့် ဦးစိုးဝင်းထံမှသိရပါတယ်။

MOGE နှင့် MPRL E&P တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သည့်အချိန်မှစ၍ မန်းရေနံမြေတွင် ရေနံတူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးခဲ့ပြီး ဒေသခံများ၏လိုအပ်ချက်များ၊ လူမှုအကျိုးပြုလုပ်ငန်းများကို MOGE နှင့် MPRL E&P တို့က ဆောင်ရွက်ပေးနေသော်လည်း စိုက်ပျိုးမြေရှားပါးလာမှုနှင့်အလုပ်အကိုင် ရှားပါးမှုကို "ဒီဒေသမှာက စိုက်ပျိုးလုပ်ကိုင်စရာကမြေနု ကျွန်းပဲရှိတော့တယ်။ လက်လုပ်လက်စားတွေ အလုပ်အကိုင် အခွင့်အလမ်းတွေရစေချင်တယ်၊ ရေနံတူးခဲ့တဲ့ နေရာတွေကတိုင်းပြည်အတွက် အကျိုးရှိလို့ထားပါ။ ရေနံမတူးတော့တဲ့နေရာတွေကိုတော့ စိုက်ပျိုးဖို့အတွက် ဒေသခံတွေကို ပြန်ပေးစေချင်တယ်"ဟု ၎င်းက ပြောပြခဲ့ပါတယ်။

**စာမျက်နှာ ၁၆ သို့**

ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957
၁၃၇၈ ခုနှစ် တပို့တွဲလပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့။ Thursday, 16 February 2017 (၈၈၃၉)



စာမျက်နှာ ၁၅ မှ

**Public-Private Partnership (PPP) ရဲ့အကျိုးကျေးဇူး**

ယနေ့မန်းရေနံမြေရဲ့အောင်မြင်မှုတွေဟာ PPP လို့ခေါ်တဲ့Public-Private Partnership ပုံစံကို အခြေခံဆောင်ရွက်နိုင်လို့ရရှိခဲ့တာဖြစ်ပါတယ်။ PPP ဆိုတာဟာ နိုင်ငံတော်အစိုးရပိုင် Enterprise လုပ်ငန်းတစ်ခုနှင့်ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းတစ်ခုအကြား နှစ်ဦးနှစ်ဖက်သဘောတူကန်ထရိုက်စာချုပ်ချုပ်ဆိုဆောင်ရွက်ရတဲ့ စီးပွားရေးလုပ်ငန်းပုံစံတစ်ခုဖြစ်ပါတယ်။ အဲဒီသဘောတူစာချုပ်အရ အစိုးရနှင့်ပုဂ္ဂလိကလုပ်ငန်းတစ်ခုချင်းအလိုက်ပိုင်ဆိုင်မှုတွေ၊ အရည်အသွေးတွေကို အချိုးကျထည့်ဝင်ပေါင်းစုပြီး နိုင်ငံနှင့်ပြည်သူရေရှည်အကျိုးအတွက် ပုံဖော်ဆောင်ရွက်ကြရပါတယ်။ ဒီနေရာမှာ မန်းရေနံမြေ Project ဟာ PPP အတွက် အကောင်းဆုံးဥပမာပုံစံတစ်ခုလို့ ပြောနိုင်ပါတယ်။ Natural Decline ကြောင့်ရေနံအထွက်နှုန်းကျဆင်းလာနေတဲ့ရေနံမြေဟောင်းတစ်ခုကို ရေရှည်ထိန်းသိမ်းဖို့နဲ့ အထွက်နှုန်းပြန်လည်တိုးတက်လာနိုင်ရန်အတွက် အစိုးရကပဲလုပ်ဆောင်ရန်ခက်ခဲတဲ့အချိန်မှာ နည်းပညာနဲ့ဘဏ္ဍာငွေကြေးဆိုင်ရာတတ်နိုင်သော ပုဂ္ဂလိကကုမ္ပဏီတစ်ခုနဲ့အပြန်အလှန်ညှိနှိုင်းပြီး သဘောတူစာချုပ်ချုပ်ဆိုဆောင်ရွက်ရပါတယ်။ ဒီလိုဆောင်ရွက်နိုင်မှုကြောင့် ယနေ့နှစ် ၂၀ ကျော် ကာလရောက်ရှိလာသည့်တိုင်အောင် နိုင်ငံနှင့်ပြည်သူရဲ့ရေရှည်အကျိုးကို အဲဒီရေနံမြေက တစ်နည်းအားဖြင့် မန်းရေနံမြေက ဖြည့်စွမ်းပေးနိုင်နေဆဲပဲဆိုတာကို မျက်ဝါးထင်ထင်မြင်တွေ့ကြရမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး MPRL E&P မှ Country Manager ဦးစည်သူမိုးမြင့်ကတော့ “ဒါကြောင့် ယခုအချိန်မှာ အစိုးရဖြစ်စေ၊ ကုမ္ပဏီဖြစ်စေ အားလုံးဟာ ကိုယ်လိုချင်တာတစ်ခုတည်းကိုပဲ ကိုယ့်ဘက်ကသာအောင်ကြည့်ချင်၊ လုပ်ချင်လို့ မဖြစ်နိုင်တော့ပါဘူး။ နိုင်ငံရဲ့ရေရှည်အကျိုးကိုရှေးရှုပြီး အထက်မှာပြောခဲ့တဲ့အများသဘောတူ PPP ပုံစံမျိုးကိုဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်”လို့ သူ့အမြင်ကို ပြောပြခဲ့ပါတယ်။

မင်းဘူးက မန်းရေနံ၊
အညာမြေ အိုအေစစ် ချစ်ဘွယ့်အမှန်။
စွမ်းအင်က အခြေခံ
နိုင်ငံတော်ကြွယ်ဝရေး၊
ကုမ္ပဏီ အဖွဲ့အစည်းတွေနဲ့
စုံညီစွာ တကယ့်ခရီးမှာဖြင့်
ဖြည့်ဆည်းညီတူကွဲ့
ပြည်သူတွေ အတူတွဲလေမှ
ပွဲလှလိမ့်လေး။ ။

( မြင်းမူမောင်နိုင်မိုး )

သတင်းဆောင်းပါး-သီသီမင်း
ဓာတ်ပုံ-နေလင်း